**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

စာအမှတ်၊ ၂၀၉၅ /နိုင်ငံတကာ(၅)/ကျေးလက်(၃)
ရက်စွဲ ၊၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်

သို့

IFI Watch Myanmar Coordinator
Yangon, Myanmar

အကြောင်းအရာ။ **လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်ပြီး IFI Watch Myanmar ၏ အစီအရင်ခံစာအပေါ် ရှင်းလင်းဖြေကြားချက်အား ပေးပို့ခြင်း**

၁။ IFI Watch Myanmar မှ လူထုဗဟိုပြုစီမံကိန်းအပေါ် လူထုပူးပေါင်းပါဝင်မှု အားနည်းခြင်း၊ သင်တန်းများထိရောက်စွာပေးရန် လိုအပ်ခြင်းနှင့် ပွင့်လင်းမြင်သာမှုမရှိခြင်း စသည်တို့ ပါဝင်သည့် သုံးသပ်အစီရင်ခံစာကို (၂၆.၈.၂၀၁၆) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ စီမံကိန်းဆောင်ရွက်ချက်များအပေါ် စောင့်ကြည့်လေ့လာခြင်း၊ ဝေဖန်ခြင်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် အသိအမှတ်ပြု ကြိုဆိုပါသည်။ ဦးစီးဌာနအနေဖြင့် ယခင်ပေးပို့ခဲ့သော ဝေဖန်ထောက်ပြမှုများအပေါ် ဆောင်ရွက်ခဲ့မှုကိုလည်း အကြောင်းပြန်ကြားခဲ့ပါသည်။ IFI Watch အပြင် ပိုမိုကျယ်ပြန့်စွာ စောင့်ကြည့်လေ့လာမည့် အခြားအဖွဲ့အစည်းများ ပေါ်ပေါက်လာပါကလည်း ဦးစီးဌာနအနေဖြင့် ကြိုဆိုပါကြောင်း ဖော်ပြအပ်ပါသည်။

၃။ သို့သော် ယခု ထုတ်ပြန်ခဲ့သော အစီအရင်ခံစာတွင် ပါ ရှိသော လာဘ်စားမှုရှိသည်ဟူသော အချက်၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှု အားနည်းသည်ဟူသော အချက်နှင့် သင်တန်းများ ထိရောက်စွာ ပို့ချမှုမရှိကြောင်း ဖော်ပြချက်တို့ကမူ လက်ရှိမြေပြင်အခြေအနေနှင့် ကွာဟလျက်ရှိပါသည်။ ထို့အပြင် ယင်းကွာဟချက်များ ဖော်ပြရာတွင် အတိမ်အနက် ပမာဏကို ဖော်ပြထားခြင်းမရှိပါ။ ဤသို့ မည်၍မည်မျှဟူ၍ ဖော်ပြမှုမရှိပဲ တိုက်ရိုက်အဖြစ်အပျက်ကိုသာ အလေးပေးဖော်ပြခြင်းသည် စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ ယင်းအချက်များ ဖော်ပြမှုနှင့် အတိမ်အနက်ပမာဏ ဖော်ပြမှုမရှိပဲ ဝေဖန်ထောက်ပြထားခြင်း အပေါ် ဌာနအနေဖြင့် ကန့်ကွက်ပါကြောင်း ဖော်ပြအပ်ပါသည်။

၄။ စီမံကိန်းကို မြို့နယ်(၂၇)မြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်း၏ ဧရိယာအနည်းငယ်အပေါ်သာ စောင့်ကြည့်ပြီး ဝေဖန်သုံးသပ်ခြင်း၏ရလဒ်သည် စီမံကိန်းတစ်ခုလုံးအပေါ် ခြုံငုံ၍ သုံးသပ်ခြင်းမျိုးမဟုတ်သည့်အတွက် မှန်ကန်မှုမရှိနိုင်ပါ။

စီမံကိန်းဆောင်ရွက်နေသည့် ဧရိယာဖြစ်သော မည်သည့်မြို့နယ်မဆို စောင့်ကြည့်သုံးသပ်မည်ဆိုပါက ဌာနအနေဖြင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးရန် အမြဲအဆင်သင့်ရှိပါသည်။

၅။ စီမံကိန်း အကောင်အထည်ဖော်ရာတွင် လူထုပါဝင်မှုသည်(၅၀%)ရှိမှသာ အစည်းအဝေးများ၊ လုပ်ငန်းများဆောင်ရွက်ရန် လမ်းညွှန်ထားပြီးဖြစ်၍ လူထုပူးပေါင်းပါဝင်မှု (၁၀%)မပြည့်ဟု ဆိုထားသည်မှာ လက်ရှိအခြေအနေနှင့် များစွာကွဲလွဲမှုရှိပါသည်။ အစီရင်ခံစာပါ ပြည့်စုံမှုမရှိသည့် နည်းစနစ်များနှင့်ပတ်သက်၍ နည်းပညာစစ်ဆေးခြင်း(Technical Audit) ရလဒ်များအရ စီမံကိန်းလုပ်ငန်းခွဲများ၏ အရည်အသွေးသည် (၉၂%) ၊ လူထုဆန်းစစ်ခြင်း (Social Audit) ရလဒ်များအရ ကျေးရွာလူထုနှင့် ကျေးရွာကော်မတီဝင်များ၏ စီမံကိန်းလုပ်ငန်းစဉ်နှင့် စီမံကိန်းအပေါ် စိတ်ကျေနပ်မှုမှာ (၉၇%) ရှိသည်ကို အစီရင်ခံစာများအရ တွေ့ရှိရပါသည်။

၆။ လူထုဗဟိုပြုစီမံကိန်းကို ကမ္ဘာ့ဘဏ်၏ Task Team မှ အနီးကပ်စောင့်ကြည့်ကြီးကြပ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ကမ္ဘာ့ဘဏ်မှလည်း သက်ဆိုင်ရာ စီမံကိန်းဘာသာရပ်အလိုက် အဖွဲ့ဖွဲ့၍ အကောင်အထည် ဖော်ရေးအထောက်အကူပြုခရီးစဉ်များ (Implementation Support Mission-ISM) ဖြင့် စီမံကိန်းဒီဇိုင်းရေးဆွဲသည့်အချိန်မှ စီမံကိန်းကာလ တလျှောက်လုံး ကွင်းဆင်းကြီးကြပ် ဆောင်ရွက်လျက်ရှိပါသည်။

၇။ သို့ဖြစ်ပါ၍ IFI Watch Myanmar ၏ စီမံကိန်းအပေါ် သုံးသပ်အစီရင်ခံစာနှင့် ပတ်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သုံးသပ်ချက်ပါ ကိစ္စရပ်အပေါ် ပြန်လည်ရှင်းလင်း ဖြေကြားချက်အား ပူးတွဲပါအတိုင်းပေးပို့ပါသည်။

- ပူးတွဲလျက် အကြောင်းပြန်ကြားစာ (မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာ)

ခန့်ဇော်

ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

- ရုံးလက်ခံ၊
- မျှောစာတွဲ။